ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (25-3-2004) (၄၁၈၆)

ဝိရတိ ပါပါ
တော် မင်္ဂလ မုတ္တမံ။

မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

တပ်တွင်းပြန်ကြားရေးနှင့် ပညာပေးရေးလုပ်ငန်းတွေ ဆောင်ရွက်

ယနေ့ကမ္ဘာပေါ်မှာ သတင်းအချက်အလက်နည်းပညာကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး မသမာသော စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းတွေကို အကြီးအကျယ် လုပ်ကိုင်နေကြတယ်။ ဒါကြောင့် တပ်မတော်သားအားလုံးကို အမျိုးသားနိုင်ငံရေး ယုံကြည်ချက်အရ တိုက်လိုခိုက်လိုစိတ် ပြင်းပြသည့်အပြင် ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းတွေကိုသိရှိနားလည်ပြီး ရန်သူရဲ့ မမှန်မကန် ဝါဒဖြန့်ထိုးနှက်ချက်တွေထိရောက်ခြင်းမရှိအောင် တပ်တွင်းပြန်ကြားရေးနှင့် ပညာပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးကြရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၅)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ—

ယနေ့ထုတ်
စောင်ရေ
၁၉၆၄၂၈

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဘက်စုံတိုးတက်လာ

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အလားအလာများစွာရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၃-၂၀၀၄
(ကြာသပတေးနေ့)

ဆည်ရေကို အကျိုးရှိရှိ အသုံးပြုစိုက်ပျိုး ရေအလေအလွင့်မရှိရေး စနစ်တကျသုံးစွဲ

မြန်မာနိုင်ငံသည် ရေ၊ မြေသယံဇာတများ ကြွယ်ဝပြည့်စုံသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ယင်းကဲ့သို့ ကြွယ်ဝများပြားလှသော သယံဇာတများကို အကျိုးအဖြစ်ထွန်းနိုင်ဆုံး မြှင့်တင်နိုင်ရေးအတွက် ခေတ်မီနည်းပညာရပ်များ အသုံးပြုဖန်တီးပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ ကျေးလက်နေ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းမှုကို သာမက ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးကိုပါ မြှင့်တင်စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေမည့် အစီအမံများကို နည်းလမ်းအသွယ်သွယ်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတော်တစ်ဝန်း၌ ဆည်ကြီးများ၊ ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးများ၊ အသေးစားနှင့် အလတ်စားဆည်အစုအဖွဲ့များ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများစွာသည် ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်။

ယခုတစ်ဖန် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲကို မတ်လ ၂၂ရက်နေ့က အဆိုပါရေလှောင်တမံအနီး မဂ်လာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အစိုးရ၏ မြင့်မားမွန်မြတ်သော ရည်မှန်းချက်၊ဖြူစင်သန့်ရှင်းသော စေတနာတို့ကို သိမြင်နားလည်ပြီး တောင်သူလယ်သမားများက ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုရင်း မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်၊ မိမိတို့၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မြို့တော်နေ ပြည်သူများကလည်း ရေအလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲကြရန်** မှာကြားခဲ့သည်။

နိုင်ငံတော်က ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေခြင်းသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုကို သာမက ပြည်သူများ၏ စီးပွားရေးဘဝ၊လူမှုရေးဘဝတိုးတက်မြင့်မားမှု၊ မြို့ပြဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများကိုပါ ဖော်ဆောင်ပေးနိုင်လျက်ရှိကြောင်း တွေ့ရသည်။

သာဓကအားဖြင့် ငမိုးရိပ်ဆည်ကြီးကို ၁၉၉၅ ခုနှစ်က မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားသက်သက်ဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ ဆည်ကြီးသည် လှည်းကူးမြို့နယ် လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြားရှိ လယ်မြေဧက ၇၀၀၀၀ ကျော်ကို အကျိုးပြုနိုင်ရုံမျှမက ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် တစ်နေ့လျှင် ရေဂါလန်သန်း ၉၀ ခန့် ဖြည့်ဆည်းပေးဝေလျက်ရှိသည်။

ယခုအခါ ငမိုးရိပ်ဆည်မှ ဖြန့်ဝေသည့် စိုက်ပျိုးရေများကို လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား လယ်မြေများကို ပိုမိုတိုးတက်ဖြန့်ဝေသွားမည့်အပြင် တူးမြောင်းများ၊ ပိုက်လိုင်းများဖြင့် သွယ်တန်းဖြတ်ကူးလျက် သန်လျင်၊ ကျောက်တန်းမြို့နယ်များအထိ ဖြန့်ဖြူးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခု ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံကို ထပ်မံတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ငမိုးရိပ်ဆည်ကြီးမှ ဆည်ရေကို လုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်ရေး ပိုမိုအထောက်အကူပြုလျက်ရှိသည်။ ပေါင်းလင်းရေလှောင်တမံနှင့် မကြာမီက ပြီးစီးဖွင့်လှစ်ခဲ့သော မဟူရာရေလှောင်တမံတို့က ငမိုးရိပ်ဆည်ကြီးအတွင်းသို့ ရေကူပေးဝေနိုင်တော့မည်ဖြစ်ရာ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်းရှိ လယ်မြေများအတွက် စိုက်ပျိုးရေ အလုံအလောက်ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဖြူစင်သောစေတနာဖြင့် တည်ဆောက်ပေးထားသည့် ငမိုးရိပ်ဆည်ကြီး၏ အကျိုးကျေးဇူးကို ရရှိခံစားနေကြသည့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားကြီးများက ဆည်ရေကို အကျိုးရှိရှိ အသုံးပြုပြီး စပါးနှင့် သီးထပ်သီးညှပ်သီးနှံများ အပြည့်အဝ စိုက်ပျိုးကြရန်နှင့် မြို့တော်နေပြည်သူများကလည်း သောက်သုံး ရေ အလေအလွင့်မရှိစေရေး စနစ်တကျ သုံးစွဲသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် မတ် ၂၄

ဧရာဝတီတိုင်း ဓနုဖြူမြို့ အင်းကပ်ကလာကျေးရွာသာသနာ့လင်းရောင်ခြည်ကျောင်း၌ ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ ပုပ္ပား(၃)ကျောင်း နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ရေဦးဆရာတော် ဦးနန္ဒာသီရိ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကိုဆိုဂုဏ်ပြုကဗျာ

အောင်ပွဲဆီသို့

(၁)

☆ 'ပုဂံ'၊
'တောင်ငူ'၊
'ကုန်းဘောင်'ဟူ၍
ပြည်သူပေါင်းစည်း၊ နိုင်ငံကြီးများ
ထွန်းကားခဲ့ရာ၊ ပြည်မြန်မာသည်
ရှည်ကြာရင့်ညောင်း၊ သမိုင်းကြောင်းတွင်
နှစ်ပေါင်းထောင်ချီရှိခဲ့ပြီ။

(၂)

☆ ထောင်စုနှစ်များ၊ ကျော်လွှားဖြတ်သန်း
ခရီးလမ်းတွင်၊ ရှင်သန်ဖြစ်တည်
'မြန်မာပြည်ဟု' ရှည်ကြာခဲ့ရန်
ဇာတိမာန်ဖြင့်၊ အားသွန်တည်ဆောက်ခဲ့ကြသည်။

(၃)

☆ ပြန်၍ကြည့်လျှင်၊ ကြေးမုံပြင်လား
ကြည်လင်ပြတ်သား၊ ပုံရိပ်များသည်
အင်အားစည်းရုံး၊ နိုင်ငံလုံးမျှ
ညီညွတ်ကြလျက်၊ မြန်မာ့မြေပေါ်
ကျူးကျော်လာသမျှ၊ တွန်းလှန်ကြ၍
ဘဝကိုပေး၊ စတေးအသက်
သွေးစက်သွန်းလောင်း၊ သမိုင်းကြောင်းမှ
သူရဲကောင်းများ၊ မွေးဖွားသည်။

(၄)

☆ သူရဲကောင်းပုံရိပ်၊ မျိုးချစ်စိတ်တို့
ရှန်းဖိတ်လင်းလက်၊ ခေတ်အဆက်ဆက်တွင်
ရှင်သန်နိုးကြား၊ အမျိုးသားရေးတာဝန်
ကျေပွန်မပျက်၊ ထမ်းရွက်ကြသည်
ပြည်သူ့အကျိုး၊ မြတ်နိုးစောင့်ရှောက်
မဖောက်မပြန်၊ ဇာတိမာန်အတ္တုပ္ပတ်
မြင့်မြတ်မော်ကွန်း၊ ခိုင်ခိုင်တည်း။

(၅)

☆ မော်ကွန်းမြင့်မြတ်၊ ညွှန်းဆိုအပ်သော်
တပ်မတော်သည်၊ ကျူးကျော်အန္တရာယ်
အသွယ်သွယ်အား၊ ဖယ်ရှားရှင်းလင်း
ချေမှုန်းရင်းနှင့်၊ ပြည်တွင်းငြိမ်းချမ်းရေး
တည်ဆောက်ရေးအတွက်၊ အပေးအယူ
အတူတကွ၊ ညီမျှဆက်ဆံ
သံသယကင်း၊ ညီညွတ်ခြင်းဖြင့်
သွေးချင်းသားချင်း၊ ပေါင်းသင်းစည်းရုံး
နိုင်ငံလုံးမျှ၊ အေးချမ်းရပြီ
ဦးတည်ပန်းတိုင်၊ နိုင်ငံဖွံ့ဖြိုး
တိုးတက်ခေတ်မီ၊ ပြည်သစ်ဆီသို့
ယုံကြည်အဓိဋ္ဌာန်၊ ကြွေးကြော်သံများ
ပဲ့တင်သွားခဲ့ *'ပြည်တွင်းအားသည် တို့အောင်ပွဲ'*။ ။

ကေတုနီလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်(အပေါ်ပုံ)**နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (ဝဲပုံ)

(သတင်းစဉ်)

လျှပ်တစ်ပြက်ဗဟုသုတ မေးခွန်းလှာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲကြီး ကျင်းပမည်ဖြစ်ရာ ပြပွဲကြီး၏ အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်းတွင် လျှပ်တစ်ပြက် ဗဟုသုတ မေးခွန်းလှာ ဖြေဆိုမှုပြိုင်ပွဲ ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့ လာရောက်ကြည့်ရှုသူ မည်သူမဆို ဖြေဆိုနိုင်ကြပြီး ပြပွဲကာလ ၁၀ရက် တိုင် နေ့စဉ် မွန်းတည့် ၁၂နာရီတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း သတ်မှတ်ထားသည့်နေရာတွင် ယှဉ်ပြိုင်ဖြေဆို၍ မွန်းလွဲ၂နာရီတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဂုဏ်ပြုညစာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဒုတိယ ဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာ သုံးဆောင်နေစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြပြီး ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ကပွဲခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဖျော်ဖြေသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

ရန်ကုန် မတ် ၂၅

မလေးရှားနိုင်ငံဆိုင်ရာအိုင်ယာလန်သံအမတ်ကြီး မစ္စတာ ဒန်နီရယ်လ်မြူဟော်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာဒန်နီရယ်လ်မြူဟော်သည် ၁၉၅၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး အိုင်ယာလန် အမျိုးသားတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ခုနှစ်တွင် အလုပ်စတင် ဝင်ရောက်ပြီး အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ နယူးဒေလီမြို့၊ ဗီယင်နာမြို့၊ အီဒင်ဘာရာမြို့နှင့် ဘရပ်ဆဲလ်မြို့များရှိ အိုင်ယာလန်သံရုံးတို့တွင် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၁ခုနှစ် အောက်တိုဘာလမှ စတင်၍ မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဒန်နီရယ်လ်မြူဟော်သည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးသည် မွန်မြတ်သန့်စင်လှသည့် ရိုးရာပွဲတော်ကြီးဖြစ်

ပွဲတော်အတွင်း တိုင်းတစ်ပါး အမူအကျင့် ဓလေ့စရိုက်ဝတ်စားဆင်ယင်မှုများ ကူးဝင်မလာစေရန်ထိန်းသိမ်း

မူးယစ်ရမ်းကားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ သရုပ်ပျက်မှုများမရှိစေရန် စနစ်တကျဆောင်ရွက်

ရန်ကုန် မတ် ၂၄

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမဦးကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရိုးရာမပျက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ကြီးကို-

- **ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊**
- **ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊**
- **ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊**
- **မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်၊**

ဆိုသည့် ရည်ရွယ်ချက်များဖြင့် စနစ်တကျ စည်စည်ကားကား ကျင်းပသွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း။

မဟာသင်္ကြန်ပွဲတော်ကြီး စနစ်တကျဖြစ်ထွန်းစေရေးအတွက် ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး နာယကအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး ကော်မတီများကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးမှာ မြန်မာလူမျိုးများ အမြတ်တနိုးတန်ဖိုးထားကြသည့် မွန်မြတ်သန့်စင်လှသည့် ရိုးရာပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားခြင်းအပြင် ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်လွတ်ပွဲများပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ လူကြီးမိဘ သက်ကြီးရွယ်အိုများအားပြုစုခြင်း စသည့်ဘာသာရေးနှင့် ယဉ်ကျေးမှု ပေါင်းစပ်ပါဝင်သည့် အစဉ်မြတ်နိုးတန်ဖိုးထားဖွယ်ပွဲတော်ကြီးတစ်ခုဖြစ်သည်နှင့်အညီ မြန်မာလူမျိုးများအားလုံးက ယခုအချိန်အထိ အလေးထားထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြခြင်းဖြစ်ကြောင်း။

တိုင်းတစ်ပါးအမူအကျင့်

သို့ဖြစ်၍ အချို့သောလူငယ်လူရွယ်အစိတ်အပိုင်းများအကြား ပြည်ပကဝင်ရောက်ကူးစက်လာသည့် တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက် ဝတ်စားဆင်ယင်မှုများကို သင်္ကြန်ပွဲတော်အတွင်း ကူးဝင်မလာစေရအောင်နှင့် အစဉ်အဆက် ထိန်းသိမ်းခဲ့သောသန့်စင်မွန်မြတ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ယိုယွင်းလျော့ပါးမသွားစေရအောင် စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုများ နှစ်စဉ်ပြုလုပ်နေခြင်းဖြစ်ကြောင်း။

အထူးသဖြင့် အချို့သော အပျော်လွန်သူများကြောင့် မဟာသင်္ကြန်ကာလအတွင်း မူးယစ်ရမ်းကားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ သရုပ်ပျက်မှုများမရှိစေရန် စည်းကမ်းထိန်းသိမ်းစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် မျိုးဆက်သစ်လူငယ်များအကြား မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များ မြတ်နိုးအလေးထားထိန်းသိမ်းမှုများ တိုးပွားလာစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် အချိန်ကာလလည်းဖြစ်ကြောင်း။

ထိန်းသိမ်းကြပ်မတ်

သို့ဖြစ်၍ မဟာသင်္ကြန်ကာလအတွင်း လူငယ်လူရွယ်များအပါအဝင် ပြည်သူများ စိတ်အေးပျော်ရွှင် ချမ်းမြေ့စွာဖြင့် မြန်မာ့ရိုးရာရေသဘင်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ကြစေရအောင်နှင့် မလိုလားအပ်သည်များ မဖြစ်ပွားစေရအောင် စနစ်တကျ ထိန်းသိမ်းကြပ်မတ်ပေးသွားကြရန်လိုကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ လူငယ်လူရွယ်များအပါအဝင် ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အေးသက်သာစွာ ပျော်ပျော်ပါးပါး ဆင်နွှဲနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဖေးမ စောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာလီကျင်ကျွမ်းတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် မြန်မာ-တရုတ်နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်း ဖလှယ်ခဲ့ကြရာ များမကြာမီနှစ်များအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ဘက်စုံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် များစွာအားရကျေနပ်မိကြောင်း၊ ဤသို့တိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့်လည်း ကိုက်ညီကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် အလားအလာ များစွာရှိကြောင်း၊ ရှေ့အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြင့်မားလာစေရေးအတွက် လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးကြသည်။ (သတင်းစဉ်)

အောင်ဆန်းဆေးရုံသို့ အာဟာရလှူဒါန်း

ရန်ကုန် မတ် ၂၄

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်ဆန်းတီဘီရောဂါကု ဆေးရုံကြီးရှိ လူနာများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကျန်းမာရေးအဖွဲ့က မတ် ၂၃ ရက်တွင် အာဟာရတစ်နပ်စာအတွက် ငွေကျပ်တစ်သောင်းနှင့် အာဟာရပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းငါးထောင်တို့ကိုပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာ့သံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Natural ResourceDevelopment (ပြည်သူ့ရေးရာ)
၅:၃၀	၉။ တိုင်းကျိုးပြည်ပြုတို့ရှေ့ရှု
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ချစ်ရမှနေပျော်မှာ" (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း) ဒါရိုက်တာ-တင်သိန်းဦး သရုပ်ဆောင်-ဒွေး၊ စုလှိုင်နှင်း**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် "မေတ္တာတရား" (အပိုင်း-၂)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အီရတ်စစ်ပွဲသည် ခိုင်လုံမှုမရှိသည့် သတင်းအပေါ်အခြေခံ ဘုရှ်နှင့်တိုနီဘလဲတို့ကို အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာဝေဖန်

မတ် ၂၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၂၃

ဆမ်ဒမ်ဟူစိန် ဖယ်ရှားရေးအတွက် မုသာဝါဒ သို့မဟုတ် အမိပ္ပာယ်အကောက်လွဲမှုကို အခြေခံကာ မလိုလားအပ်သည့် စစ်ပွဲဆင်နွှဲခဲ့မှုနှင့်ပတ်သက်၍ အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာက အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲတို့အား အပြင်းအထန် ဝေဖန်ပြောကြားလိုက်ကြောင်း ဗြိတိသျှအင်ဒီပင်းဒင့် သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

အခြေခံထား

ဆက်ဒမ်ဟူစိန်တွင် လူအစုအပြုံလိုက် သေစေသည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ) ပိုင်ဆိုင်သည်ဟူသော စွပ်စွဲမှုသည် ခိုင်လုံမှုမရှိသည့် ထောက်လှမ်းရေးသတင်းပေါ် အခြေခံထားကြောင်းကို အဆိုပါခေါင်းဆောင်နှစ်ဦးစလုံးက သိရှိထားဖွယ်ရှိကြောင်း အဆိုပါ သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ဂျင်မီကာတာကပြောကြားသည်။

အီရတ်ကျူးကျော်စစ်ပွဲမှာ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုအစိုးရများက မုသာဝါဒနှင့် အမိပ္ပာယ် အကောက်လွဲမှုကို အခြေခံကြောင်း ဆက်ဒမ်ဟူစိန်သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွင် တာဝန်ရှိသည်ဟူသော လွဲမှားသော စွပ်စွဲချက်နှင့် အီရတ်တွင် ဒဗလျူအမ်ဒီ အစီအစဉ်ရှိသည်ဟု မှားယွင်းစွာစွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း ဂျင်မီကာတာက ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် အင်အားကို အတင်းအဓမ္မ အသုံးပြုပြီး အမေရိကန် အင်ပါယာထူထောင်ရန် အခွင့်အာဏာမရှိကြောင်း၊ တိုနီဘလဲသည် သမ္မတဘုရှ်၏ဖခင် လက်ထက်က စတင်ခဲ့သည့် အီရတ်ကို စစ်ရေးအဆုံးသတ်စေမည့် ဘုရှ်၏ဆန္ဒအား တိမ်းညွှတ်စေရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်းဖြင့် ဂျင်မီကာတာက သတင်းစာအား ဆက်လက်ပြောကြားသည်။

ထင်မြင်မိ

အီရတ်နိုင်ငံအား စစ်ဆင်နွှဲရန် အခြေခံအကြောင်းပြချက်အား ဗြိတိန်တွင် ချမှတ်ခဲ့ခြင်းမဟုတ်၊ အမေရိကန်ပြည်ထောင်စုတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း၊ သားဖြစ်သူဘုရှ်က ဖခင်ဖြစ်သူ ဘုရှ်လက်ထက်ကစတင်ခဲ့သည့် အီရတ်စစ်ပွဲအား ၎င်းလက်ထက်တွင် အဆုံးသတ်စေရန် ဆန္ဒရှိသည်ဟု မိမိထင်မြင်မိကြောင်း၊ တိုနီဘလဲ၏ဆုံးဖြတ်ချက်နှင့် တိုနီဘလဲကိုယ်တိုင်ပင်လျှင် သမ္မတဘုရှ်၏ မူဝါဒအား အားတက်သရောထောက်ခံသူတစ်ဦးအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း ဂျင်မီကာတာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဟားမားစ်ခေါင်းဆောင် တိုက်ခိုက်ခံရ၍သေဆုံး

ဂါဇာ မတ် ၂၃

ပါလက်စတိုင်း ဟားမားစ်ခေါင်းဆောင် ရှိတ်အာမက်ယာဆင်သည် မတ် ၂၂ ရက် တနင်္လာနေ့ စောစောပိုင်းက အစ္စရေးတို့၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားရပြီဖြစ်ကြောင်း ဟားမားစ်အရာရှိများက အတည်ပြုပြောကြားသည်။

အစ္စရေးတို့၏ အပါချီအမျိုးအစား ရဟတ်ယာဉ်များသည် ရှိတ်အာမက်ယာဆင်နှင့် ၎င်း၏ ကိုယ်ရံတော်နှစ်ဦးကို ဒုံးကျည်သုံးစင်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံတစ်ခုအတွင်းမှ အထွက်တွင် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြသည်။

ယင်းတိုက်ခိုက်မှုတွင် လူလေးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်များနှင့် မီးသတ်ကားများ အခင်းဖြစ်ရာသို့ ချက်ချင်းရောက်ရှိလာကြကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖင်လန်မှ စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး ဘဂ္ဂဒက်တွင် အသတ်ခံရ

ဟယ်ဆင်ကီ မတ် ၂၃

ဖင်လန်လူမျိုး စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးသည် ဘဂ္ဂဒက်မြို့တွင် ကားတစ်စီးဖြင့်သွားလာနေစဉ် လက်ဖြောင့်သေနတ်သမား၏ ပစ်ခတ်မှုကြောင့်သေဆုံးသွားရကြောင်း ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံးသွားသူစီးပွားရေးသမားများသည် စက်မှုနှင့်နည်းပညာအုပ်စုမှဖြစ်ပြီး ကန်ထရိုက်ကိစ္စအတွက် အီရတ်များနှင့် ဆွေးနွေးနေကြသူများဖြစ်သည်။ ၎င်းတို့မှာ တနင်္လာနေ့ နံနက် ၉ နာရီခန့်တွင် အသတ်ခံရခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားချိန်တွင် ဖင်လန်လူမျိုးနှစ်ဦးမှာ ဆွေးနွေးပွဲပြုလုပ်ရန် အီရတ်လျှပ်စစ်ဝန်ကြီးဌာနသို့ သွားနေဆဲလမ်းခုလပ်တွင် ဖြစ်သည်။ ၎င်းတို့သည် အီရတ်တွင် ပထမဦးဆုံး အသတ်ခံရသော ဖင်လန်နိုင်ငံသားများပင် ဖြစ်သည်။

မိမိအမြင်ကို ပြောရလျှင် ယခုပစ်ခတ်မှုသည် ကြုံကြိုက်၍ပေါ်ပေါက်ခဲ့ရသောကိစ္စမျိုးပင် ဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိပြုလုပ်သည့် ပစ်ခတ်မှုဟု မထင်ပါ၊ သေဆုံးသွားသူနှစ်ဦးမှာ အီရတ်နိုင်ငံနှင့် စိမ်းကြသူများမဟုတ်၊ အီရတ်သို့ မှန်မှန်လာရောက်နေကြသူများပင်ဖြစ်ကြောင်း အန်တီကောစ်တီနင်က ပြောကြားသည်။ ၎င်းမှာ ဆီးရီးယားနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး ဖြစ်သည်။

ချက်ချင်းပြန်မည်

အီရတ်သို့ရောက်နေသော ဖင်လန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွင် ကိုးဦးပါဝင်သည်။ ၎င်းတို့သည် ဖင်လန်နိုင်ငံ စက်မှုနည်းပညာလုပ်ငန်း၏ စီစဉ်မှုဖြင့် အီရတ်သို့လာရောက်ကြခြင်းဖြစ်သည်။ ယခုအဖြစ်အပျက်ကြောင့် ကျန်စီးပွားရေးသမားခုနစ်ဦးမှာ ဖင်လန်သို့ ချက်ချင်းပြန်ကြမည် ဖြစ်သည်ဟု ဆိုသည်။ သေဆုံးသူတစ်ဦးမှာ အင်စတို အင်ဂျင်နီယာလုပ်ငန်းအုပ်စုမှဖြစ်ပြီး ကျန်တစ်ဦးမှာ အဲယာလင် အင်ဂျင်နီယာလုပ်ငန်းမှ အကြီးအကဲဖြစ်သည်။

ဖင်လန်သည် အီရတ်စစ်ပွဲကို ဆန့်ကျင်သောနိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၏ အကူအညီဖြင့် ငြိမ်းချမ်းစွာ အဖြေရှာသင့်ကြောင်း တိုက်တွန်းတောင်းဆိုခဲ့သည်။

ဘဂ္ဂဒက်၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်က မိမိတို့အနေဖြင့် အီရတ်ပြည်သူများအတွက် လုံခြုံရေးကိစ္စတွင် မည်မျှဆောင်ရွက်ပေးရန် လိုအပ်နေသေးသည်ဆိုသောအချက်ကို လှစ်ဟအသိပေးသကဲ့သို့ရှိသည်ဟု ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အီရတ်စစ်ပွဲပြီးသည့် အချိန်မှစ၍ ဖင်လန်စက်မှုလုပ်ငန်းကိုယ်စားလှယ်များသည် လုပ်ငန်းဆောင်ရွက်ခွင့်ရမည့်အခွင့်အလမ်းများကို ရှာဖွေရန် အီရတ်နိုင်ငံသို့ ရောက်ရှိလာကြသည်။ ပြီးခဲ့သော သီတင်းပတ်က ဖင်လန်နိုင်ငံမှ ဝတ်ဒ်မီလာအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီသည် ဒေါ်လာသန်း ၄၅၀ တန် ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရေး ကန်ထရိုက်ကိုအီရတ်နိုင်ငံတွင် ရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

မတ် ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ကားဗုံးတစ်လုံး ပေါက်ကွဲရာတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးအား မကျေမနပ်ပြောနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာဆရာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရ

လန်ဒန် မတ် ၂၃

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိသွားကြကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

စိုးရိမ်စရာမရှိ

ဒဏ်ရာရရှိသူများ၏ အခြေအနေမှာကောင်းမွန်ပြီး အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း၊ ဘာဆရာမြို့လယ်၌ ဖြစ်ပွားသော ပေါက်ကွဲမှုနှစ်ခုမှာ အပေါင်းပါတပ်ဖွဲ့များကို ရည်ရွယ်၍ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

မသိရသေး

ပေါက်ကွဲမှုဖြစ်ပွားရာနေရာသည် ဆန္ဒပြသူများနှင့် မလှမ်းမကမ်းတွင်ဖြစ်သည်။ ယခုအချိန်ထိ ပေါက်ကွဲမှုနှင့် ဆန္ဒပြမှု တစ်စုံတစ်ရာဆက်စပ်မှုရှိသည်ဟု မသိရသေးကြောင်း၊ ထို့အပြင် အီရတ်အရပ်သားများနှင့် အီရတ်ရဲများ ထိခိုက်မှုရှိသည်ဟုလည်းမသိရှိရကြောင်းပြောရေးဆိုခွင့်ရှိသူကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်ပြောက်ကျားတို့၏ ကားဗုံးခွဲ တိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့် အပေါင်းပါများ သေဆုံးကြရမှု

အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်မှစ၍ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ကာ သိမ်းပိုက်ခဲ့သည်။ **အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်သိမ်းပိုက်မှုကြောင့် အီရတ်တပ်မတော်ပြိုကွဲခဲ့ရပြီး ပြည်သူတို့ ခိုကိုးရာမဲ့ဖြစ်ခဲ့ရသည်။ ကျူးကျော်စစ်ပွဲကို အီရတ်ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ကြပြီး အီရတ်ပြောက်ကျားတို့က ကျူးကျော်သူ အမေရိကန်နှင့် အပေါင်းပါတို့ကို ကားဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။**

ဖေဖော်ဝါရီ ၁၈ ရက်က အီရတ်နိုင်ငံ ဟီလာမြို့ရှိ ပိုလန်တပ်ဖွဲ့ အခြေစိုက်စခန်းအပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မြင်တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲသည့် နေရာကို အီရတ်နိုင်ငံသားများ ကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မီးခိုးများ တက်လာ

မတ် ၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ရှိ **အမေရိကန်ဦးဆောင်သော တပ်ဖွဲ့** ရုံးစိုက်ရာ အဆောက်အအုံအနီးမှ မီးခိုးများ တက်လာသည်ကို မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်။

ကားဗုံးပေါက်ကွဲ မော်တော်ယာဉ် မီးလောင်ကျွမ်း

မတ် ၉ ရက်က အီရတ် နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မော်တော်ကားများ မီးလောင်ကျွမ်းနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ပြောက်ကျားတို့၏ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးကြရမှု

ရက်စွဲ	နေရာ	သေဆုံးသည့် တပ်ဖွဲ့ဝင်ဦးရေ
၂-၉-၂၀၀၃	ဘဂ္ဂဒက်	၁
၉-၁၀-၂၀၀၃	ဘဂ္ဂဒက်	၈
၁၂-၁၀-၂၀၀၃	ဘဂ္ဂဒက်	၇
၂၀-၁၁-၂၀၀၃	ကယ်ကွတ်	၄
၂၂-၁၁-၂၀၀၃	ဘာကူဘာ	၉
၂၂-၁၁-၂၀၀၃	လာတစ်ဖီယာ	၁
၂၇-၁၁-၂၀၀၃	ခန်ဘာနီ	၉
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၅
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၈
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၂
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၅
၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၁၂-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၂၈-၁၂-၂၀၀၃	ကာဘာလာ	၆
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၂
၂၄-၁-၂၀၀၄	ဖော်လူဂျာ	၂
၂၅-၁-၂၀၀၄	ခါလ်ဒီယာ	၃
၂၇-၁-၂၀၀၄	ဘဂ္ဂဒက်	၆
၂-၂-၂၀၀၄	မိုးဆူးလ်	၃
၂-၂-၂၀၀၄	ဘာလက်	၁
၅-၂-၂၀၀၄	ခါလ်ဒီယာ	၁
၁၂-၂-၂၀၀၄	ဘဂ္ဂဒက်	၁
၁၆-၂-၂၀၀၄	ဘာကူဘာ	၂
၁၈-၂-၂၀၀၄	ဟီလာ	၂
၂၀-၂-၂၀၀၄	ခါလ်ဒီယာ	၂
၂၁-၂-၂၀၀၄	ဟာဆွာ	၁
၁-၃-၂၀၀၄	ကာဘာလာ	၁
၂-၃-၂၀၀၄	ဘဂ္ဂဒက်	၁
၇-၃-၂၀၀၄	ဘဂ္ဂဒက်	၁
၉-၃-၂၀၀၄	ဘာကူဘာ	၁
၁၁-၃-၂၀၀၄	ဟာဘင်နီယာ	၂
၁၂-၃-၂၀၀၄	တီကရစ်	၂
၁၅-၃-၂၀၀၄	ဘဂ္ဂဒက်	၄
၁၅-၃-၂၀၀၄	ဘဂ္ဂဒက်	၁
၁၅-၃-၂၀၀၄	တီကရစ်	၂
	စုစုပေါင်း	၁၂၈

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို တာဝန်ခံသယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း



မြို့မတံတား — တပ်မတော်ကတည်ဆောက်ခဲ့သည့် မုံရွာ–ကလေးဝလမ်းပေါ်ရှိမြို့မတံတားကို တွေ့ရစဉ်။

တပ်မတော်က တာဝန်ယူတည်ဆောက်ခဲ့သော မုံရွာ–ကလေးဝ ကားလမ်းပေါ်ရှိ တံတားများ

စဉ်	တံတားအမည်	အရှည်ပေ	မှတ်ချက်
၁။	ပုထိုးလုံးတံတား	ပေ ၄၅၀	ဖွင့်လှစ်ပြီး
၂။	လပင်တံတား	ပေ ၂၂၀	ဖွင့်လှစ်ပြီး
၃။	မြို့မတံတား	ပေ ၅၄၀	တည်ဆောက်ပြီး
၄။	တီန်းတံတား	ပေ ၃၆၀	။
၅။	သံကြမ်းတံတား	ပေ ၁၃၀	။
၆။	သင်းကန်တံတား	ပေ ၉၀	။
၇။	ဒီးဒုတ်တံတား	ပေ ၉၀	။
၈။	စည်ကြီးပိုင်တံတား	ပေ ၉၀	။



သင်းကန်တံတား — တပ်မတော်ကတည်ဆောက်ခဲ့သည့်မုံရွာ–ကလေးဝ ကားလမ်းပေါ်ရှိ သင်းကန်တံတားကို တွေ့ရစဉ်။



ဒီးဒုတ်တံတား — တပ်မတော်က တည်ဆောက်ခဲ့သည့် မုံရွာ–ကလေးဝကားလမ်းပေါ်ရှိ ဒီးဒုတ်တံတားကို တွေ့ရစဉ်။

စည်ကြီးပိုင်တံတား — တပ်မတော်ကတည်ဆောက်ခဲ့သည့်မုံရွာ–ကလေးဝ ကားလမ်းပေါ်ရှိ စည်ကြီးပိုင်တံတားကို တွေ့ရစဉ်။



သံကြမ်းတံတား — တပ်မတော်ကတည်ဆောက်ခဲ့သည့်မုံရွာ–ကလေးဝ ကားလမ်းပေါ်ရှိ သံကြမ်းတံတားကိုတွေ့ရစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ကမ္ဘာ့နိုင်ငံများစွာနှင့် မနှိုင်းယှဉ်အပ်သော မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်ကို ဖော်ပြလိုပေသည်။ မြန်မာ့သမိုင်းစဉ်တရား၏ ထူးခြားသောလိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရသော မြန်မာ့တပ်မတော် ဖြစ်ပေသည်။ မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရင်း အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် အဓိကအခန်းမှပါဝင်ခဲ့ရပေသည်။ မြန်မာနိုင်ငံအတွက် သမိုင်းပေးလိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သတ်မှတ်ရပေမည်။ တမင်သက်သက်ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းမျိုးမဟုတ်ပေ။ ဤသည်မှာ မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော သဘောအဓိပ္ပာယ်ဖြစ်ပေသည်။

၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းမော်ကွန်းတင်ထားသည့် ထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆင်နွှဲခဲ့ပေသည်။ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်စသည့် ဖွဲ့စည်းလာခဲ့သည့်တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ စနစ်တကျလေ့ကျင့်မှုနှင့်ပြည့်ဝလာပြီး ရန်သူကိုရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အဆင့်သို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ၏ တစ်မျိုးသားလုံးကို စည်းရုံးကိုယ်စားပြုနိုင်သောအဆင့်တွင် ရပ်တည်ခဲ့ပေသည်။ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အသွင် တိုးတက်ပြောင်းလဲရောက်ရှိခဲ့ပေသည်။

မြန်မာ့တပ်မတော်သည် မြန်မာပြည်သူလူထုနှင့်တစ်ဆက်တည်းရှိနေပြီး ပြည်သူလူထု၏ အပြည့်အဝထောက်ခံမှုကို ရရှိနေသည့်အတွက် ပြည်သူ့တပ်မတော်အသွင် ဖြစ်ပေါ်ခဲ့ပေသည်။ တပ်မတော်သည် ကိုယ်ပိုင်ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာ ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တရားဝင်စစ်ကြေညာပြီး ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ပေသည်။ တပ်မတော်သည် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါအပေါင်းနှင့် စတင်ပြည့်စုံသွားသည့် ဖက်ဆစ်တော်လှန်ရေးနေ့ကို တပ်မတော်နေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ပေသည်။

၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့၏ စစ်ရေးပြ အခမ်းအနားၙ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

"တို့တပ်မတော်ဟာ နိုင်ငံတစ်နိုင်ငံမှာ ရှိလေ့ရှိထ သာမန်တပ်မတော်မျိုး မဟုတ်ဘဲ ဒီလိုသမိုင်းအစဉ်အလာကောင်း(၁၂)ချက်နဲ့ ပြည့်စုံတဲ့ တပ်မတော်ဆိုတာ ရဲဘော်တို့ အထူးသတိထားဖို့လိုလိမ့်မယ်" ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ပေသည်။ မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသည့် တပ်မတော်၊ သစ္စာရှိသည့်တပ်မတော်၊ စည်းလုံးညီညွတ်သည့် တပ်မတော်၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွန့်လွှတ်စွန့်စားသည့် တပ်မတော်၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသည့် တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သည့် တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းရည်သတ္တိရှိသည့် တပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသည့်တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်သည့် တပ်မတော်ဟူသည့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်နှင့် ပြည့်စုံသည့်တပ်မတော်ဖြစ်သည်။

တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်။ လစာ၊ ရိက္ခာစသည့် မည်သည့်အခွင့်အရေးကိုမျှ မမျှော်မှန်းခဲ့ဘဲ နိုင်ငံတော်ကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်ဖြစ်သည်။ မျိုးချစ်တပ်မတော်ဆိုသည်မှာ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာ ကွယ်ပျောက်မည့်အရေးမှန်သမျှ မည်သူ့တိုက်တွန်းမှုကိုမျှမစောင့်ဘဲ ကာကွယ်စောင့်ရှောက်သည့် တပ်မတော်ပင်ဖြစ်သည်။

တပ်မတော်သည် စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်သည်။ စစ်စည်းကမ်း ကောင်းမွန်ရေးဆိုသည်မှာ တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်သည်။ စစ်စည်းကမ်း ကောင်းမွန်မှသာ ပြည်သူလူထုက ကြည်ညိုလေးစားခြင်းခံရသည့် တပ်မတော်ဖြစ်မည်။ တပ်မတော်တည်ထောင်ချိန်မှ စတင်ပြီး ယနေ့အထိ စည်းကမ်းကောင်းခဲ့၍လည်း တပ်မတော်သည် ယခုကဲ့သို့ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းပင်ဖြစ်သည်။

တပ်မတော်သည် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်သည့် တပ်မတော်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို မည့်သည့်အခါမျှ မဖောက်ဖျက်ခဲ့ပေ။ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုသည့်အချက်ပင်ဖြစ်သည်။ မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံသား၊ မိမိတို့တပ်မတော်အတွက် မိမိတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုထားကြသူများဖြစ်ပေသည်။

တပ်မတော်သည် လွတ်လပ်ရေးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ရယူပေးနိုင်သည့်အပြင် ပြည်ပကျူးကျော်မှုများကိုလည်း စစ်ဆင်ရေးများ ဆင်နွှဲပြီး အမိမြေပေါ်ကမောင်းထုတ်ပစ်နိုင်ခဲ့ပေသည်။ ထို့အပြင် နယ်ချဲ့များ၏ စနက်ကြောင့် ပြည်တွင်းမငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့သည်ကို နယ်စပ်ဒေသပါမကျန် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

၂၀၀၀ပြည့်နှစ် မတ်လ၂၇ရက်(၅၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၙ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပတ်သက်၍ ဤသို့လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

"ဒို့တပ်မတော်အတွင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ တစ်ယောက်ကို တစ်ယောက် အသက်ပေးပြီး ရဲဘော်စိတ်နဲ့ နှစ်ရှည်လများ လက်တွဲထမ်းဆောင်ခဲ့ကြတယ်။ တိုင်းရင်းသား တပ်မတော်သားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ထားရှိတဲ့မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတွေဟာ တပ်မတော်အတွင်းက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေပဲဖြစ်တယ်။ နိုင်ငံတစ်ဝန်းလုံးမှာလည်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကြိုးပမ်းဆောင်ရွက်ပေးရမှာဖြစ်တယ်"

တပ်မတော်သည် ကြေးစားတပ်မတော်မဟုတ်ပေ၊ နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားအတွက် အမြဲဦးထိပ်ပန်ဆင်နေသည့် မျိုးချစ်တပ်မတော်ဖြစ်သည်နှင့်အညီ တပ်မတော်သားများသည် ယုံကြည်ချက်၊ ခံယူချက်ခိုင်မြဲနေကြရန် လိုပေသည်။ တပ်မတော်သားများ၏ ယုံကြည်ချက်၊ ခံယူချက်သည် အမျိုးသားရေးခံယူချက်ဖြစ်သည့်–

- ပြည်ထောင်စုမပြိုကွဲရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ဟူသည့် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ပေသည်။ ပြည်ထောင်စုမပြိုကွဲရန်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှဖြစ်မည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် ဆိုသည်မှာလည်း ပြည်ထောင်စုကြီးမပြိုကွဲမှ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုပြီး ဆက်စပ်ဖြစ်ပေါ်စေသည့် အကြောင်းအကျိုးတရားများပင်ဖြစ်ပေသည်။ အရေးအကြီးဆုံးမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။

အစဉ်အလာ(၁၂)ရပ်နှင့်မြင့်မြတ်သေ

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီး ပေါင်းစပ်ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်မရှိလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးသွားနိုင်ပေသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရန် မဖြစ်နိုင်တော့ပါ။ ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးသည် နှိုင်းဆမရအောင် ကြီးမားသည်ကို တွေ့ရပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသောအမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့်(ဝံသာနုရက္ခိတ) တရားပေါ်တွင် တည်ဆောက်ထားသည့် စိတ်ဓာတ်ပင်ဖြစ်သည်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်၊ နိုင်ငံတော်ပြိုကွဲပျက်စီးမည့် ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရမည့်တာဝန်ကို အဓိကလုပ်ကိုင်ရသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များပင်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန် လိုအပ်သည့် အရည်အသွေးများကို လေ့ကျင့်ရေးနှင့်တည်ဆောက်ရယူရမည်ဖြစ်ပေသည်။ ထို့အပြင် ရောက်ရာဒေသ၊ ကျရာတာဝန်တွင် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ကြရမည်။ သို့မှသာ ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ရရှိမည်ဖြစ်သည့်အပြင် မျိုးချစ်တပ်မတော်ဆိုသည့် မိမိတို့တပ်မတော်၏ အစဉ်အလာကိုလည်း ဆက်လက်ထိန်းသိမ်းပြီးသားဖြစ်ပေလိမ့်မည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၁)နှင့်(၄၂)သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားၙ မိန့်ခွန်းမြွက်ကြားရာတွင်–

"မိမိတို့ တပ်မတော်သည် စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်ကြောင်း၊ မြင့်မြတ်သည်ဆိုသည်မှာ သာမန်ထက် ထူးကဲ

တပ်မတော်သည် လွတ်လပ်ရေးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ရယူပေးနိုင်သည့်အပြင် ပြည်ပကျူးကျော်မှုများကိုလည်း စစ်ဆင်ရေးများ ဆင်နွှဲပြီး အမိမြေပေါ်က မောင်းထုတ်ပစ်နိုင်ခဲ့သည်။

တရား၊ သစ္စာစောင့်သိမှု
ည်ထောင်စုစိတ်ဓာတ်တွေပဲ
င်စုစိတ်ဓာတ် ရှင်သန်
်တယ်”

ပေ၊ နိုင်ငံနှင့် လူမျိုး၏
းချစ်တပ်မတော်ဖြစ်သည်
ခံယူချက်ခိုင်မြဲနေကြရန်
ချက်၊ ခံယူချက်သည်

ရး

ပြည်ထောင်စုမပြိုကွဲရန်
က်မှုရှိမှဖြစ်မည်။ အချုပ်
ည်း ပြည်ထောင်စုကြီး
ပေါ်စေသည့် အကြောင်း
ပြီးဆုံးမှာ တိုင်းရင်းသား



တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန်လိုအပ်သည့်အရည်အသွေးများကို လေ့ကျင့်ရေးနှင့် တည်ဆောက်ရယူလျက်ရှိသည်။

)ရပ်နှင့်မြင့်မြတ်သောမြန်မာ့တပ်မတော်

လူမျိုးအသီးသီး ပေါင်းစပ်
တင်စုစိတ်ဓာတ်မရှိလျှင်
ပ်ရေးနှင့် အချုပ်အခြာ
းတက်သည့် နိုင်ငံတစ်ခု
တ်ဓာတ်၏ တန်ဖိုးသည်
ဉ်။

အစိတ်အပိုင်း၊ မည်သည့်
၏ တလုံးတစည်း တညီ
စ်ခုတည်းသောအမိမြေ၊
င်မြတ်နိုးတန်ဖိုးထားပြီး
တ) တရားပေါ်တွင်

၏ အချုပ်အခြာအာဏာ
တာဝန်၊ နိုင်ငံတော်ပြိုကွဲ
ရမည့်တာဝန်ကို အဓိက
ျားပင်ဖြစ်သည်။
ာင်နိုင်ရန် လိုအပ်သည့်
်ရယူရမည်ဖြစ်ပေသည်။
ည်ထောင်စုစိတ်ဓာတ်ကို
လုပ်ဆောင်ကြရမည်။
ရရှိမည်ဖြစ်သည့်အပြင်
အစဉ်အလာကိုလည်း

တော် ကာကွယ်ရေး
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ည် ဗိုလ်လောင်းသင်တန်း
၁)နှင့်(၄၂)သင်တန်းဆင်း
ာ်ရေးပြ အခမ်းအနား၌
ာ်ကြားရာတွင်–
ကို တပ်မတော်သည်
ြင့်မြတ်သော တပ်မတော်
း၊ မြင့်မြတ်သည်
သာမန်ထက် ထူးကဲ

ော်သည် လွတ်လပ်ရေး
ူထုနှင့်အတူ လက်တွဲ
းနိုင်သည့်အပြင် ပြည်ပ
မှုများကိုလည်း စစ်ဆင်
င်နွှဲပြီး အမိမြေပေါ်က
်ပစ်နိုင်ခဲ့သည်။

သာလွန်သော စိတ်ဓာတ်အဆင့်အတန်းကို ပြောခြင်းပင်ဖြစ်ကြောင်း၊ မြင့်မြတ်ခြင်းဆိုသည်မှာ ချမ်းသာခြင်း၊ ပညာတတ်ခြင်း၊ မိဘမျိုးရိုးကောင်းမွန်ခြင်းတို့နှင့်မဆိုင်ဘဲ ကိုယ်ကျင့်တရားကောင်းခြင်း၊ စင်ကြယ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ဂုဏ်ကျက်သရေပင်ဖြစ်ကြောင်း” လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

မြန်မာ့တပ်မတော်သည် မည်သည့်နိုင်ငံနှင့်မျှ ပြိုင်စံမတူ တစ်မူထူးခြားသော အစဉ်အလာဂုဏ်ဒြပ်ရှိနေပေသည်။ တပ်မတော်သည် ချို့တဲ့မှု၊ ဆင်းရဲပင်ပန်းမှု၊ အခက်အခဲ အမျိုးမျိုးကြားမှ နိုင်ငံတော်၏ လွတ်လပ်ရေးကို ရရှိအောင်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်ဆိုသောအချက်ကို

တက္ကသိုလ်တင်ခ

ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုထားကြပေသည်။ ဤအစဉ်အလာသည် တမင်တကာဖန်တီးရယူနိုင်သော သဘောဂုဏ်ရည်မျိုးမဟုတ်ပေ။ ကမ္ဘာ့သမိုင်းတွင် မနှိုင်းယှဉ်အပ်သော မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်ပင်ဖြစ်ပေသည်။ သမိုင်းကြောင်းကောင်းခဲ့သော တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်မှသာရပ်တည်ခဲ့ပေသည်။

နိုင်ငံတော်မှာ အန္တရာယ်တွေ့ကြုံတိုင်း တပ်မတော်က ဦးဆွေးဆံမြည့် အသက်စွန့်ကာ ယင်းအန္တရာယ်အသွယ်သွယ်ကို ကာကွယ်တွန်းလှန်ပေးနိုင်ခဲ့ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများမှ ပေါက်ဖွားလာသော တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားရေးသမိုင်းကြောင်းနှင့် ကင်းကွာသောအဖွဲ့အစည်း မဟုတ်ပေ။ တပ်မတော်သည် ပြည်သူမှပေါက်ဖွားခဲ့ပြီး ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူလူထုနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထာဝစဉ်ထမ်းဆောင်နေသည့် ပြည်သူ့တပ်မတော်ဖြစ်ပေသည်။

သိပ်သည်းကျစ်လျစ်ညီညွတ်သော မျိုးချစ်တပ်မတော်ကို အချို့သော အသင်းအပင်းအစိတ်အပိုင်းများက အနည်းနည်းအဖုံဖုံ ပုံစံအမျိုးမျိုးဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းရန် ကြံစည်ကြိုးပမ်းခဲ့ကြသည်မှာ တပ်မတော်ဟူ၍ မော်ကွန်းတင်သည့်အချိန်မှပင် စတင်ခဲ့ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်မဆို တိုင်းတစ်ပါးက ထိပါးတိုက်ခိုက်လာလျှင် တပ်မတော်သာလျှင် ကိုယ့်တိုင်းပြည်ကို ခုခံကာကွယ်ပေမည်။ မည်သူတို့က မည်သည့်နည်းဖြင့် ခုခံကာကွယ်ပါမည်နည်း၊ တပ်မတော်သာလျှင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်တွင်း၊ ပြည်ပ အန္တရာယ်ကို အမှန်ကာကွယ်သွားမည်သာဖြစ်ပေသည်။

သမိုင်းကြောင်းကောင်းခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပအန္တရာယ်ကို သမိုင်းခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်က ရပ်တည်ကာကွယ်နိုင်ခဲ့ပေသည်။ နောင်ကိုလည်း ဤနည်းအတိုင်း ပြည်သူ့ဘက်က ရပ်တည်ခဲ့သော တပ်မတော်သည် ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာကွယ်သွားမည်ကို ပြည်သူတို့က ယုံကြည်မျှော်လင့်ကြပေသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် ညီနောင်တပ်ဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့များသည် စုဖွဲ့လေ့ကျင့်ပြီးဖြစ်ပေသည်။

ထို့အပြင် စစ်ဘက်အတွေ့အကြုံများပြီး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ကာ နိုင်ငံ့အကျိုးစီးပွားကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်မည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် သန်း ၂၀ ကျော်သော အင်အားဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားရေးရှေ့ဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတို့သည်လည်း တပ်မတော်နှင့်အတူ လက်တွဲ၍ နိုင်ငံတော်၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံ ထမ်းဆောင်သွားမည့်သူများဖြစ်ပေသည်။

တပ်မတော်သည်အရန်အင်အားများနှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်ရင်းပြီး ကာကွယ်စောင့်ရှောက်နိုင်ခဲ့သော စွမ်းရည်ရှိသော တပ်မတော်အဖြစ် မြင်တွေ့နေရခြင်းဖြစ်ပေသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ထမ်းဆောင်ကြရာတွင်–

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

“အင်တိုက်အားတိုက် ပါဝင်ထမ်းဆောင်ကြ၊ နိုင်ငံတော်ကြီးကို အသက်ပေး ကာကွယ်ကြ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြ၊ ရဲသော်မသေ၊ သေသော်ငရဲမလားဆိုသော စိတ်ဓာတ်နဲ့ တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ကို စောင့်ထိန်းကြ” ဟူသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ (၅၆)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း မွက်ကြားချက်ကို ဦးလည်မသုန် လိုက်နာရင်း နိုင်ငံတော်နှင့်ပြည်သူ အားကိုးရသည့် တပ်မတော်အဖြစ် ထာဝစဉ်ရပ်တည်သွားမည်ဟု အလေးအနက်ယုံကြည်ထားပေသည်။

သမိုင်းခေတ်အဆက်ဆက် ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့သည့် မျိုးချစ်တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲထမ်းဆောင်ရင်း နိုင်ငံတော်အကျိုးစီးပွားကို စွမ်းစွမ်းတမံ ကာကွယ် စောင့်ရှောက်လျက်ရှိနေရာ အစဉ်အလာ(၁၂)ရပ်နှင့် မြင့်မြတ်သော မြန်မာ့တပ်မတော် ဟူ၍ ဖော်ညွှန်း မော်ကွန်းတင် ဂုဏ်ပြုအပ်ပေသည်။ ။

တပ်မတော်သည် ရောက်ရာဒေသ၊ ကျရာတာဝန်တွင် ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ဆောင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဤသို့လုပ်ဆောင်လျက်ရှိသည်။

မြန်မာ့တပ်မတော်သည် မည်သည့်နိုင်ငံနှင့်မျှ ပြိုင်စံမတူ တစ်မူထူးခြားသော အစဉ်အလာဂုဏ်ဒြပ်ရှိနေပေသည်။ တပ်မတော်သည် ချို့တဲ့မှု၊ ဆင်းရဲပင်ပန်းမှု၊ အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်၏ လွတ်လပ်ရေးကို ရရှိအောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုထားကြပေသည်။ ဤအစဉ်အလာသည် တမင်တကာဖန်တီးရယူနိုင်သော သဘောဂုဏ်ရည်မျိုးမဟုတ်ပေ။ ကမ္ဘာ့သမိုင်းတွင် မနှိုင်းယှဉ်အပ်သော မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်ပင်ဖြစ်ပေသည်။ သမိုင်းကြောင်းကောင်းခဲ့သော တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်မှသာရပ်တည်ခဲ့ပေသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆင်မင်း(၂) ဘိလပ်မြေစက်ရုံဖွင့်ပွဲ တက်ရောက်အားပေး တစ်ရက်လျှင် ဘိလပ်မြေတန် ၇၀၀ ထုတ်လုပ်မည်

ရန်ကုန် မတ် ၂၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ နွားလည်ကောက်တောင်ခြေအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၈နာရီတွင် အဆိုပါ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။

တက်ရောက်

ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊မန္တလေးမြို့တော်ဝန်၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆင်မင်း ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် ကျောက်ဆည်ဆင်အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား လည်းကောင်း၊ Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆင်မင်း(၂) ဘိလပ်မြေစက်ရုံအဝင် မုခ်ဦး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌ Mr. Chen Fang တို့က ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ပည်းကျောက်စာတိုင်ကို နံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်ဆင်မင်း(၂)ဘိလပ်မြေစက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗဟိုထိန်းချုပ်ခန်းမှ ဘိလပ်မြေစက်လည်ပတ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်း လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ မီးသင်းဖိုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဓာတ်အားခွဲရုံနှင့် ကုန်ချောကြိတ်စက်တို့ကို လည်းကောင်း၊ ဘိလပ်မြေအိတ် ထုပ်ပိုးဌာန လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ရှင်းလင်းပြသသည်။

တစ်ရက် တန် ၇၀၀

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒါရိုက်တာ ဗိုလ်မှူးကြီးအောင်စန်းက ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဆင်မင်း(၂) ဘိလပ်မြေစက်ရုံသည် BS.12-1989 အမျိုးအစား ဘိလပ်မြေများကို တစ်ရက်လျှင် တန် ၇၀၀ ထုတ်လုပ်သွားနိုင်သည့် စက်ရုံဖြစ်ပါကြောင်း၊ ဘိလပ်မြေစက်ရုံအတွက် စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery Import & Export Corporation မှ ဝယ်ယူ၍ တည်ဆောက်ခဲ့ပါကြောင်း၊ ဘိလပ်မြေစက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို အရဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်း ဘိလပ်မြေစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို စက်စွမ်းအားပြည့် လည်ပတ်၍ ဘိလပ်မြေထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ Mr. Chen Fang က အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာများအား သစ်သီးခြင်း အမှတ်တရ ပေးအပ်သည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် ဆင်မင်း(၁)နှင့် ဆင်မင်း(၂) ဘိလပ်မြေ စက်ရုံများကို တည်ဆောက်ခဲ့သည်။ ဆင်မင်း(၁) ဘိလပ်မြေစက်ရုံမှာ Wet Process နည်းစဉ်ဖြင့် ဘိလပ်မြေများ ထုတ်လုပ်ပြီး တစ်ရက်လျှင် ဘိလပ်မြေ တန် ၄၀၀ ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။ ဆင်မင်း(၁) ဘိလပ်မြေစက်ရုံကို ၁၅-၅-၂၀၀၃တွင် ဖွင့်လှစ်ခဲ့သည်။

ဆင်မင်း(၂) ဘိလပ်မြေစက်ရုံမှာ Dry Process နည်းစဉ်ဖြင့် ဘိလပ်မြေများ ထုတ်လုပ်ပြီး တစ်ရက်လျှင် ဘိလပ်မြေ တန် ၇၀၀ ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် Yunnan Machinery Import & Export Corporation **ဥက္ကဋ္ဌ** Mr. Chen Fang **တို့က ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

စာချစ်သူများအကြိုက် စာအုပ်ဈေးပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲ တော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဖွင့်လှစ်ထားသည်။

စာအုပ်ဈေးပွဲ တော်သို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ရှင်လူ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လေးထောင်ကျော် လာရောက်လေ့လာ ဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ခုနစ်သိန်းခွဲ ကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ရက်အထိ ပိတ်ရက်မရှိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

လက်မှတ်ရေးထိုးချုပ်ဆိုမည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်နှင့် အတိုးနှုန်း သက်သာသည့် ချေးငွေထုတ်ချေးရေးမူဘောင်သဘောတူ စာချုပ်တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Chen Jian တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ရေအားလျှပ်စစ် စီမံကိန်းအတွက် ပထမအသုတ် Hydraulic သံထည်ပစ္စည်းများဝယ်ယူရန် ဝယ်သူချေးငွေစာချုပ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Yang Zilin တို့က လည်းကောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပထမအသုတ် ရေအားအဆောက်အအုံသံထည်ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China National Electric Equipment Corporation ဥက္ကဋ္ဌ Mr. Jia Ding တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်

ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပထမအသုတ်ရေအားအဆောက်အအုံသံထည်ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China National Electric Equipment Corporation ဥက္ကဋ္ဌ Mr. Jia Ding တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ရေအားအဆောက်အအုံသံထည်ပစ္စည်းများ ဝယ်ယူရေးနှင့် လျှပ်စစ်နှင့် စက်မှုဆိုင်ရာ တာဘိုင်ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက် နားလည်မှုစာချွန်လွှာကို ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China Water Resources and Hydropower Construction Group Corporation ဒုတိယအထွေထွေမန်နေဂျာ Mr. Liu Qitao တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လည် တပ်ဆင်ရေးလုပ်ငန်း စီမံကိန်းဆိုင်ရာ အပြန်အလှန် လဲလှယ်မှုစာလွှာ၊ ရိတ်သိမ်းခြွေလှေ့စက်ထုတ်လုပ်ရေး စီမံကိန်း စူးစမ်းလေ့လာမှုဆိုင်ရာအပြန်အလှန်လဲလှယ်မှု စာလွှာ၊ အသေးစား ရေအားလျှပ်စစ်စီမံကိန်း စူးစမ်းလေ့လာမှုဆိုင်ရာ အပြန်အလှန်လဲလှယ်မှု စာလွှာ၊ ကြံနှင့် ဝါ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ရေးစီမံကိန်းလေ့လာမှုဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး စီမံကိန်းဆိုင်ရာ အပြန်အလှန် လဲလှယ်မှု စာလွှာနှင့် လားရှိုး-မူဆယ် မီးရထားလမ်းစီမံကိန်း အပြန်အလှန်လဲလှယ်မှုစာလွှာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Chen Jian တို့က ယနေ့နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း အဆင့်(၂)အတွက် သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးမည့် ငွေချေးစာချုပ်ကို မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးဦးသန်းရီနှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Yang Zilin တို့က လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export Credit and Insurance Corporation နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စာချွန်လွှာကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ကလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု တိုးမြှင့်ရေးကောင်စီတို့အကြားချုပ်ဆိုသော နားလည်မှုစာချွန်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ Madam Gao Yan တို့ကလည်းကောင်း၊ ရဲရွာရေအားလျှပ်စစ် စီမံကိန်း ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ Mr. Hou Weigui တို့ကလည်းကောင်း၊ ကွန်းရေအားလျှပ်စစ် စီမံကိန်းအတွက် ရေအားအဆောက်အအုံသံထည်ပစ္စည်းများ ဝယ်ယူရေးနှင့်လျှပ်စစ်နှင့်စက်မှုဆိုင်ရာ ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်အမျိုးသားအကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Lu Wenjun တို့က လည်းကောင်း၊ မြောင်းတကာ-လှိုင်သာယာ-ရေကြည် ၂၃၀ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Electric Power International Economic & Trade Co., Ltd. (CCPG) တို့ စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် State Grid Corporation of China ဒုတိယဥက္ကဋ္ဌ Mr. Zheng Baosen တို့ကလည်းကောင်း၊ တစ်နေ့မှန်ရည်တန်၁၅၀ Float Glass မှန်စက်ရုံစီမံကိန်းအတွက် သဘောတူညီမှုစာချွန်လွှာကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် China National Technical Import & Export Corporation ဥက္ကဋ္ဌ Mr. Jiang Xinsheng တို့က လည်းကောင်း၊ တစ်နေ့တန် ၅၀၀ကျ ယူရီးယားဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကိုစွမ်းအင်ဝန်ကြီးဌာနမြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် China CAMC Engineering Co., Ltd. ဥက္ကဋ္ဌ Ms. Luo Yan၊ China Huanqiu Contracting & Engineering Corporation ဥက္ကဋ္ဌ Mr. Wang Shihong တို့က လည်းကောင်း၊ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက်ရေအားအဆောက်အအုံသံထည်ပစ္စည်းများ ဝယ်ယူရေးနှင့် လျှပ်စစ်နှင့်စက်မှုဆိုင်ရာ တာဘိုင်ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက်နားလည်မှုစာချွန်လွှာကိုရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China International Trust & Investment Corporation Technology Co. အထွေထွေမန်နေဂျာ Mr. Sun Xiaowen နှင့် China Water Resources and Hydropower Construction Group Corporation ဒုတိယ အထွေထွေမန်နေဂျာ Mr. Liu Qitao တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးလဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား အမျိုးသားကဇာတ်ရုံပြန်လည်မွမ်းမံပြင်ဆင်ရေး စီမံကိန်းဆိုင်ရာ အပြန်အလှန် လဲလှယ်မှုစာလွှာ၊ ဆန်စက်စက်ကိရိယာအသစ်များ ပြန်

ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေး စာချုပ်ရေးထိုး

တစ်နေ့တန် ၅၀၀ ကျ ယူရီးယားဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် China Huanqiu Contracting & Engineering Corporation ဥက္ကဋ္ဌ Mr. Wang Shihong တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

စစ်ရေးပြကြမည့် တပ်မတော်သားများအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင် စစ်ရေးပြကြမည့် တပ်မတော်သားများအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းက ငွေကျပ် ၃၇၇၁၈၀တန်ဖိုးရှိ တပ်မတော်ရမ် ၂၀တန်ဖိုးရှိ ရေခူနှစ်တန်၊ ဦးမြတ်လွင် (မြတ်သပြေ ကွန်ပျူတာ Show Room) အမှတ်(၇၇) ကမ္ဘာအေး စေတီလမ်းက ငွေကျပ်ငါးသိန်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်နေ Luminary Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းကိုက ငွေကျပ်သုံးသိန်း တန်ဖိုးရှိ Micro Computer Electronic Time Recorder နာရီတစ်လုံး၊ Real Life ကြော်ငြာကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ Light Box တစ်ခု၊ ကြူလီယာအသင်း ဗိုလ်ဆွန်ပက်လမ်းက ငွေကျပ်နှစ်သိန်း၊ ဦးစိုင်းကျော်ထွန်း [နန်းထိုက်တော်ဝင် (၁)နှင့်(၂) စားသောက် ဆိုင်လုပ်ငန်း]က ငွေကျပ် ၃၆၀၀၀၀၊ အမ်ဂျီအက်စ်ကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၅၃၉၆၀ တန်ဖိုးရှိ အအေးပုလင်း မျိုးစုံအလုံး ၂၈၈၀၊ ဦးတင်ဌေး-ဒေါ်ချိုချိုသွယ် (အောင်ပြည့်စုံ မြေမှုန့်ကြိတ်လုပ်ငန်း) မော်ဘီမြို့က ငွေကျပ်တစ်သိန်းနှင့် ၂၂၈၆လုံး၊လက်ခတ်တောင်ဆရာတော် အရှင်ပဒုမသာမညနှင့် နတ်စင်တစ်ရာဆရာတော် အရှင်ပညာတေဇတို့ နှစ်ပါးက ငွေကျပ် ၃၀၆၀၀၀၀တန်ဖိုးရှိ ငါးကြင်းပိဿာ ၃၆၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲဒေသ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးရန်ပေဇုန်း(ခ) ဦးသန်းဌေးနှင့် အတွင်းရေးမှူး ဦးမြင့်လွင်တို့ဦးစီး၍ တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ငွေကျပ်ငါးသိန်း၊ တာမိုးညဲ၊ ရှောက်ဟော်နှင့် လုံထန်ကျေးရွာများမှ ဒေသခံပြည်သူများက ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ် ၁၅သိန်း၊ ဦးအောင်ကိုကို [အေကေကောဂရု(ပ်)ရေလုပ်ငန်းအဖွဲ့]က ငွေကျပ်သိန်း ဦးခင်မောင်ဇော်- ဒေါ်မိုမိုအောင်(အောင်ကျော်ပိုင် ကုမ္ပဏီ လီမိတက်)ကငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်ဦးခင်မောင်ဆွေ-ဒေါ်ကြည်ကြည် မိသားစု (ကျောက်ဆူး၊ ကျောက်မျက်ကုမ္ပဏီ)က ငွေကျပ် တစ်သိန်း၊ ဦးမြင့်သိန်း (ရွှေယင်းမာ ရောင်းဝယ်ရေး) ဘုရင့်နောင်က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်သုံးသိန်း၊ မစုစုအေးအောင်က ငွေကျပ်တစ်သိန်း တန်ဖိုးရှိစုစုအေးအောင် အကြောတက် အကိုက်အခဲပျောက် လိမ်းဆေးမှုန့် ဒါဇင် ၁၀၀၊ ဦးခင်အောင်-ဒေါ်ခင်မြင့် သူ၊ သား မောင်ဉာဏ်အောင် မြို့တွင်း ခရီးသည် ပို့ဆောင်ရေး လှိုင်သာယာ မြို့နယ်က ငွေကျပ် ၅၀၀၀၀၊ ဦးရွှေသာ မိသားစု ပုလဲဂေဟာလမ်း (၃)ရပ်ကွက်၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းမှ အထက် တန်းပြဆရာမ ဒေါ်လှလှသန်းနှင့် ဦးတင်သန်း [တပ်မတော်(လေ) အငြိမ်း စား] ဒေါ်ခင်မြိုင် မိသားစု ကမာရွတ် မြို့နယ်တို့က ငွေကျပ် ၂၀၀၀၀စီ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမ အဆင့်ရ ဗိုလ်ကြီးသန်းလှိုင်(ကွယ်လွန်) ၏ညီမ ဒေါ်တင်တင် မိသားစုက ငွေကျပ် ၁၀၀၀၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းက ငွေကျပ်နှစ်သိန်း၊ တပ်ကြပ်ကြီးဘမြင့် (အငြိမ်းစား)၊ ဒေါ်အရာမိသားစု အမှတ် (၃၆) ဖိုးစိန်လမ်းက ငွေကျပ် ၅၀၀၀၀၊ ဟာဂျီဦးမင်းလွင် ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ် ၃၀၀၀၀၊ ဦးကျော်တင့် အောင်ချမ်းသာ အိမ်ဆောက်သံထည်ပစ္စည်းရောင်းဝယ် ရေးက ငွေကျပ် ၂၀၀၀၀နှင့် ဦးထွန်း မင်းMTMဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက လှူဒါန်းမှု အစုစုတို့အတွက် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယနေ့ကျင်းပသည့် တတိယ အကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၂၆ဦးတို့က ငွေကျပ် ၆၁၄၁၁၅၀ တန်ဖိုး ရှိ လှူဒါန်းပစ္စည်းများနှင့် အလှူငွေကျပ် ၃၉၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၁၂၁၁၅၀ကို ပေးအပ်လှူဒါန်းကြ သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ ဖြိုးရေး ကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ် ကြီး ကျော်ဝင်းက အလှူရှင်များ၏ လှူဒါန်း ငွေများကို လက်ခံ ယူစဉ်။
(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၄

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် ညီလာခံကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် အလှူ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဘက်စုံအဆောက်အအုံခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြား ထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေများနှင့်အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်မှ ငွေကျပ် ၂၅၀၀၀၀၀၊ ဦးအောင်ဇော်ရဲမြင့်က ငွေကျပ် ၅၀၀၀၀၀၊ Mo Asiatic Company ကငွေကျပ် ၃၀၀၀၀၀၊ Royal Ruby Co.,Ltdမှ ဒေါက်တာ သင်းနွယ်ဝင်းက ငွေကျပ် ၃၀၅၀၀၀တန်ဖိုးရှိ ဆေးများ၊ Credit Co .,Ltdမှ မနော်က ငွေကျပ် ၅၀၀၀၀၀တန်ဖိုးရှိဆေးများ၊ Baby Vita Co.,Ltd မှ ဦးမြဦးက ငွေကျပ် ၃၀၀၀၀၀တန်ဖိုးရှိ Baby Vita ကလေးအာဟာရတိုးဆေးများ၊ Tri Star General Trading Co.,Ltd မှ ငွေကျပ် ၆၁၀၀၀၀တန်ဖိုးရှိ အပ်ချုပ်စက်ခေါင်းအလုံး ၂၀၊ ပြည်ဖြိုးထွန်း Co.,Ltdမှ ဒေါက်တာတင့်လွင်က ငွေကျပ် ၆၃၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့၊ အလှူရှင်များသည် ခန်းမအတွင်း ပြသထားသော အသင်း၏ လှုပ်ရှားမှုဓာတ်ပုံများ ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးလုပ်ငန်းများကို ကျေးရွာတိုင်းသို့ ကွင်းဆင်းဆောင်ရွက် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေး အလှူရှင်များရှာဖွေစည်းရုံး

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၁ရက် နံနက် ၉နာရီတွင် မုံရွာမြို့ရှိ ရွှေစည်းခုံစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့နှင့် တွေ့ဆုံ၍ စေတီတော်ကြီးနှင့် ရင်ပြင်တော်သန့်ရှင်း သပ်ရပ်တင့်တယ်စေရေး ဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၀နာရီတွင် ဆားလင်းကြီးမြို့နယ် တုံကျေးရွာသို့ရောက်ရှိ၍ ဖွံ့ဖြိုးရေးခန်းမ၌ ရွာမိရွာဖများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျေးရွာစာကြည့်တိုက်အတွက် သုတ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် နှောကူးတို့ရွာသို့ နံနက် ၁၁နာရီတွင် ရောက်ရှိပြီး ကျေးရွာပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာလူထု အသိပညာပြန့်ပွားရေးအတွက် ရုပ်မြင်သံကြားစက်တစ်လုံးကို လည်းကောင်း၊ ကျေးရွာမူလတန်းကျောင်းအတွက် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျေးရွာ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သန်လျက်ကိုင်းကျေးရွာသို့ သွားရောက်ပြီး ပျက်စီးယိုယွင်းနေသည့် မူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံး ပြင်ဆင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲ ၂နာရီတွင် ဆားလင်းကြီးမြို့နယ် ဆားခါးကျေးရွာသို့ ရောက်ရှိပြီး ကျေးလက် ပြည်သူလူထုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဆားခါးကျေးရွာ ကျေးရွာမူလတန်းလွန်ကျောင်း ပြုပြင်ရန်အတွက် အလှူငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ သန်လျက်ကိုင်းကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ဆက်လက်၍ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ညနေ၃နာရီခွဲတွင် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ပညာရေးမြှင့်တင်ရန်အတွက် ပျက်စီးချို့ယွင်းနေသော စာသင်ကျောင်းများကို ကွင်းဆင်းစစ်ဆေးပြီး ဝိုင်းဝန်း ပူးပေါင်းပြုပြင်ဆောင်ရွက်သွားကြရေး၊ ကျေးလက်လမ်းများကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ လမ်းအဆင့်မြှင့်တင် လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခြား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်သွားရေးတို့ကို မှာကြားဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြေအောက်စိမ့်ရေတွင်းမှ ရေကို ရေတင်စက်ဖြင့်တင်၍ စိုက်ပျိုးရေဖြန့်ဖြူးနိုင်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၂ရက် နံနက်၈နာရီတွင် ပခုက္ကူ ဦးအုံးဖေလှူဒါန်းသော ကိုယ့်အားကိုယ်ကိုး "ဗဟုသုတစာကြည့်တိုက်" ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဝန်းတွင် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဆရာကြီး ပခုက္ကူဦးအုံးဖေက ငွေကျပ်သိန်းလေးဆယ်ကျော် အကုန်အကျခံပြီး ရားတောကျေးရွာတွင် ဗဟုသုတစာကြည့်တိုက် တည်ထောင်ဆောက်လုပ် ဖွင့်လှစ်ပေးခဲ့ခြင်းသည် မိမိတို့ပြန်ကြားရေးလုပ်ငန်းများကို အထောက်အကူပြုရာရောက်ကြောင်း၊ ဆရာကြီးမွေးဖွားရာဇာတိကျေးရွာတွင် လာရောက်ဖွင့်လှစ်ခြင်းဖြစ်၍လည်း ဝမ်းသာဂုဏ်ယူမိကြောင်း၊ ရွာသူရွာသားများအနေဖြင့် စာကြည့်တိုက်ကို ရေရှည်တည်တံ့အောင်နှင့် တိုးတက်အောင် ထိန်းသိမ်းကြစေလိုကြောင်း၊ အကျိုးရှိအောင်လည်း များများဖတ်ရှုလေ့လာ အသုံးပြုစေလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထုများ အသိပညာ တိုးပွားစေရန် စာကြည့်တိုက်သာမက ရုပ်မြင်သံကြားဖမ်းစက်၊ သတင်းစာ၊ရေဒီယို ကျယ်ကျယ်ပြန့်ပြန့်ရှိလာအောင်၊ အသုံးပြုလာအောင် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ပါ၍ ဆရာကြီးပခုက္ကူဦးအုံးဖေကဲ့သို့ အလားတူအလှူရှင်များကို ဖိတ်ခေါ်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ပခုက္ကူဦးအုံးဖေက စာကြည့်တိုက် ဆောက်လုပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရားတောရွာ ဗဟုသုတ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ၊ မဂ္ဂဇင်း၊ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်အလှူရှင် ပခုက္ကူ ဦးအုံးဖေက လက်ခံသည်။

ဆက်လက်၍ ရားတောရွာ ဗဟုသုတစာကြည့်တိုက်အတွက် ဦးအောင်သိန်း-ဒေါ်ထားရင်၊ သမီး ဒေါ်ဆွေ၊ ဦးလှသန်း (မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ)-ဒေါ်မူမူမြိုင်၊ ဦးတင့်ဆွေ-ဒေါ်တင်ကြည် (မလေးဆေးလိပ်ခုံ)၊ ဦးကြိုင်-ဒေါ်သန်းနှင့်ဦးဖိုးငွေ-ဒေါ်မြမြမိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းစီနှင့် အလှူရှင် ဦးကျော်ဝင်း-ဒေါ်မြို့မြို့တို့က အလှူငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ်ခြောက်သိန်း ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့်ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးတို့က ဖဲကြိုးဖြတ်၍ ရားတောကျေးရွာ ကိုယ့်အားကိုယ်ကိုး ဗဟုသုတ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဗဟုသုတ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁နာရီခွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ပြန်ကြားရေး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးလုပ်ငန်းများကို ကျေးရွာတိုင်းသို့ ကွင်းဆင်း၍ ထိထိရောက်ရောက် ဆောင်ရွက်ကြရန်၊ ကျေးရွာစာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေးအတွက် စီမံချက်များချမှတ်ပြီး အလှူရှင်များ ရှာဖွေစည်းရုံး၍ ဖွင့်လှစ်နိုင်ရေးကြိုးပမ်းကြရန်နှင့် ထက်မြက်သွက်လက်သော မီဒီယာလုပ်ငန်းဖြင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မတ်၂၁ရက်က ဆားလင်းကြီးမြို့နယ် နှောကူးတို့ရွာအဝင်တွင် ကျေးရွာပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မဟာသင်္ကြန် အထူးရထားပြေးဆွဲမည်

ရန်ကုန် မတ် ၂၄

မြန်မာ့မီးရထားသည် နှစ်ကူးမဟာသင်္ကြန်ပွဲတော်မတိုင်မီနှင့် မဟာသင်္ကြန်ပွဲတော်အပြီး နှစ်သစ်ကူးအခါသမယတွင် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့၍ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဧပြီ ၁ရက်မှ စတင်ပြီး ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် မဟာသင်္ကြန်အထူးရထားတစ်စင်း ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မှ ဧပြီ ၁၊၃၊၅၊၇၊၉၊၁၁၊၁၈ ရက်များတွင် ထွက်ခွာမည့်ရထားသည် ည ၈နာရီ ၅မိနစ် တွင် ရန်ကုန်မှထွက်ခွာပြီး မန္တလေးသို့ နောက်တစ်နေ့နံနက် ၁၁နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

မန္တလေးမှ ဧပြီ ၂၊၄၊၆၊၈၊၁၀၊၁၇၊၁၉ ရက်များတွင် ထွက်ခွာမည့်ရထားသည် ည ၇နာရီခွဲတွင် မန္တလေးမှ ထွက်ခွာပြီး ရန်ကုန်သို့ နောက်တစ်နေ့နံနက် ၁၁နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အထူးရထားတွင် အထက်တန်းအိပ်စင်တစ်တွဲ၊အထက်တန်းထိုင်ခုံနှစ်တွဲ၊ ပထမတန်းတစ်တွဲနှင့် ရိုးရိုးတန်းခုနစ်တွဲ ပါဝင်ဖွဲ့ဆင်၍ ပြေးဆွဲပေးမည်ဖြစ်ပြီး လမ်းခရီး၌ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သာစည်ဘူတာများတွင် စုန်၊ ဆန်ရပ်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်များကို သက်ဆိုင်ရာဘူတာများရှိ အထက်တန်းနှင့် ရိုးရိုးတန်းလက်မှတ်ရုံများတွင် အခြားအမြန်ရထားများနည်းတူ ကြိုတင်ဝယ်ယူနိုင်သည်။

ရထားလက်မှတ်ခနှုန်းထားမှာ အမှတ်(၅) အဆန်နှင့် အမှတ်(၆) အစုန်ရထားနှုန်းထားအတိုင်း အထက်တန်း(အိပ်စင်)ကျပ်၄၂၅၀၊ အထက်တန်း(ထိုင်ခုံ) ကျပ် ၃၀၉၀၊ ပထမတန်း ကျပ် ၁၉၃၀နှင့် ရိုးရိုးတန်း ကျပ် ၁၅၅၀တို့ဖြစ်သည်။

(သတင်းစဉ်)





[illegible]

“အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့”

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈-၂၉.၃.၂၀၀၄

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၄-၃-၂၀၀၄ ရက်နေ့တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေပေါင်း ၃၉၈၀၀၀၀ိ/-နှင့် ၆၁၄၁၁၅ိ/-တန်ဖိုးရှိ ပစ္စည်းများ၊ စုစုပေါင်း ငွေသားနှင့် ပစ္စည်းတန်ဖိုး ၁၀၁၂၁၁၅ိ/-ကို လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

-လက်ခတ်တောင်ဆရာတော် အရှင်ပဒုမသာမည်နှင့် နတ်စင်တစ်ရာဆရာတော် အရှင်ပညာတေဇတို့က ၃၀၆၀၀၀ိ/-တန်ဖိုးရှိ ငါးကြင်းပိဿာ ၃၆၀၀၊	၃၀၆၀၀၀ိ/-
-မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ၃၇၇၁၉ိ/-တန်ဖိုးရှိ တပ်မတော်ရမ် ၂၂၈၆လုံး	၃၇၇၁၉ိ/-
-မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့	၃၀၀၀၀ိ/-
-ရှမ်းပြည်နယ်(မြောက်ပိုင်း)တာမိုးညဲဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးရန်ပေဖုန်း(ခ) ဦးသန်းဌေးနှင့် အတွင်းရေးမှူး ဦးမြင့်လွင်တို့ဦးစီး၍ တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ကျပ်ငါးသိန်း၊ တာမိုးညဲ၊ ရှောက်ဟော်နှင့် လုံထန်ကျေးရွာများမှ ဒေသခံပြည်သူများက ကျပ်၁၀သိန်း	၁၅၀၀၀၀၀ိ-
-ဦးအောင်ကိုကို (AKK Group)ရေလုပ်ငန်းအဖွဲ့က ကျပ်သိန်း ၂၀တန်ဖိုးရှိ ရေခူနှစ်တန်	၂၀၀၀၀၀၀ိ/-
-ဦးမြတ်လွင် (မြတ်သပြေကွန်ပျူတာShow Room) အမှတ်(၇၇) ကမ္ဘာအေးဘုရားလမ်း	၅၀၀၀၀ိ/-
-ဦးထွန်းထွန်းကို (M.D Luminary Co.,Ltd)ယုဇနဥယျာဉ်မြို့တော် တောင်ဒဂုံ ဆိပ်ကမ်းမြို့နယ်က ငွေကျပ်သုံးသိန်း တန်ဖိုးရှိ Micro Computer Electronic Time Recorder နာရီတစ်လုံး	၃၀၀၀၀ိ/-
-ကြူလီယာအသင်း၊ ဗိုလ်ဆွန်ပက်လမ်း	၂၀၀၀၀ိ/-
-ဦးစိုင်းကျော်ထွန်း၊ နန်းထိုက်တော်ဝင်(၁)နှင့်(၂) စားသောက်ဆိုင်လုပ်ငန်း	၃၆၀၀၀ိ/-
-ဦးခင်မောင်ဇော်၊ ဒေါ်မိုမိုအောင်(အောင်ကျော်ပိုင်ကုမ္ပဏီလီမိတက်)	၂၀၀၀၀ိ/-
-မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း	၂၀၀၀၀ိ/-
-ဦးထွန်းမင်း (MTM) ဆောက်လုပ်ရေး	၂၀၀၀၀ိ/-
-ဦးသိန်းထွန်း (MGS Group Co.,Ltd) က ၁၅၃၉၆ိ/-တန်ဖိုးရှိ အချိုရည်မျိုးစုံ ကတ်(၁၂၀)	၁၅၃၉၆ိ/-
-(Real Life) ကြော်ငြာကုမ္ပဏီက ၁၅၀၀၀ိ/-တန် (Light Box) (၁)ခု	၁၅၀၀၀ိ/-
-ဦးတင်ဌေး-ဒေါ်ချိုချိုသွယ်၊ အောင်ပြည့်စုံ၊ မြေမှုန့်ကြိတ်လုပ်ငန်း (မှော်ဘီ)	၁၀၀၀၀ိ/-
-ဦးခင်မောင်ဆွေ-ဒေါ်ကြည်ကြည်မိသားစု၊ ကျောက်ဆူးကျောက်မျက်ကုမ္ပဏီ	၁၀၀၀၀ိ/-
-ကိုမြင့်သိန်း၊ ရွှေယင်းမာရောင်းဝယ်ရေး(ဘုရင့်နောင်)	၁၀၀၀၀ိ/-
-မစုစုအေးအောင်က ကျပ်တစ်သိန်းတန်ဖိုးရှိ စုစုအေးအောင် အကြောတက် အကိုက်အခဲပျောက်ဆေးမှုန့်ဒါဇင်(၁၀၀)	၁၀၀၀၀ိ/-
-ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သား မောင်ဥာဏ်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊ လှိုင်သာယာ	၅၀၀၀ိ/-
-ဦးရွှေသာမိသားစု၊ အမှတ်(၈) ပုလဲဂေဟာလမ်း(၃)ရပ်ကွက် လှည်းတန်း၊ ကမာရွတ်	၂၀၀၀ိ/-
-ဒေါ်လှလှသန်း၊ အထက်တန်းပြ၊ အထက(၂) ကမာရွတ်	၂၀၀၀ိ/-
-ဦးတင်သန်း-ဒေါ်ခင်မြိုင်၊ တပ်မတော်(လေ)(ငြိမ်း)၊ အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်	၂၀၀၀ိ/-
-လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) ဗိုလ်ကြီးသန်းလှိုင်(ကွယ်လွန်)၏ညီမ ဒေါ်တင်တင် မိသားတစ်စု	၁၀၀၀ိ/-
-တပ်ကြပ်ကြီး ဘမြင့်(ငြိမ်း)-ဒေါ်အရှာမိသားစု အမှတ်(၃၆)၊ဖိုးစိန်လမ်း	၅၀၀၀ိ/-
-ဟာဂျီဦးမင်းလွင်၊ အမှတ်(၇၃)(ပ)ထပ်၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၃၀၀၀ိ/-
-ကိုကျော်တင့်၊ အောင်ချမ်းသာအိမ်ဆောက်သံထည်ပစ္စည်းနှင့် ဟင်ဂလန်မျိုးစုံရောင်းဝယ်ရေး	၂၀၀၀ိ/-

(၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ

Bellay ဘဲလေး
Digital Photo Studio

အလှဆုံးဓါတ်ပုံ အကောင်းဆုံးဆေးသား
ဘဲလေးတွင် ကြိုတင်စာရင်းပေးနိုင်ပြီ။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ဖြန့်ချိ

ရန်ကုန် မတ် ၂၄

ထိုင်း၊ မြန်မာ၊ လာအိုနှင့် ကမ္ဘာဒီးယားဖြတ် စက်ဘီးစီးခရီးစဉ် မြဝတီမြို့ထဲ ဝင်ရောက်လာ၊ ကမ္ဘာပေါ်တွင် ကျားမျိုးမပြုန်းစေရေး မြန်မာက ကူညီ၊ အကျယ်ဆုံး ဘေးမဲ့တောကြီး ပေါ်ထွန်းလာပြီဟု အမျိုးသားပထဝီဝင်စာစောင်ကြီးက ချီးကျူးရေးသား၊ ရခိုင်ကမ်းလွန်ဒေသရှိ ရွှေဖြူနှင့် ငွေတွင်းများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများ မကြာမီစမည်၊ဆယ်ဘီးကုန်တင်ထရပ်ကားများ စမ်းသပ်ထုတ်လုပ်၊ နာမည်ရပုဂ္ဂလိက ဆေးရုံကြီးတစ်ခု အကြင်နာကင်းသော ဝန်ဆောင်မှုများကို ပေးနေစသည့်ပြည်တွင်း မျက်မှောက်ရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။ ဟစ်တလာ ဘာလင်၏နှလုံးသားနေရာသို့ ဖယောင်းရုပ်အဖြစ်နှင့် ပြန်ရောက်၊ စီအိုင်အေ သူလျှိုကင်မရာဖြင့်၂၀၀၀ပြည့်နှစ်၌ ဘင်လာဒင်ကို တိုက်ရိုက်မြင်ခဲ့ရသော်လည်းဖမ်းမမိခဲ့၊ နှလုံးအတု ဝယ်ကြမလား၊ ထိုင်းလင်းဝန်ကြီးချုပ် လီဗာပူးဘောလုံးကလပ်ကိုဝယ်ချင်၊ တူးအင်ဝမ်းဆေးလုံး ဆေးလိပ်လည်းပြတ် ကိုယ်ရေလည်းစစ် အစရှိသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အားကစားနှင့်ဖျော်ဖြေရေး ကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး (၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ်(ပထဝီဝင် အထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၈။ မူဟာန်သွယ်သွယ်ဆိုကြမယ်
- ၆:၀၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၀။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၉)**
- ၇:၃၀ ၁၄။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၇:၄၅ ၁၅။ (၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်" - ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် - မြန်မာပြည်သား(အထက-၂၊ လသာကျောင်းသူများ) (လသာရတနာ-တေးဂီတအဖွဲ့)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ရုပ်မြင်သံကြားဇာတ်လမ်း "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်" (ရဲအောင်၊ ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-သက်တင်)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဓမ္မသုခသင်္ကြန် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

မအူပင်မြို့ အမှတ်(၇)ရပ်ကွက်၊ ရေလဲလမ်းနှင့် ခိုင်ရွှေဝါလမ်း ဓမ္မသုခစာရိကျောင်းတိုက်တွင် ပဥ္စမအကြိမ် ဓမ္မသုခသင်္ကြန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် ဦးတေဇာနန္ဒ (MA မဟာဓမ္မာစရိယသာသနဓဇဓမ္မာစရိယ)နှင့် ဆရာတော် ဦးနိပုနတို့က ဧပြီ ၁၂ရက်မှ ၁၈ရက်ထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူ ဒုလ္လဘရဟန်းခံလိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

MCC

Internet & e-mail သင်တန်း

✔ mail4u e-mail Account တစ်ခုစီ ရရှိပါမည်။

✔ (7 - 9 am / 5 - 7 pm) နှင့် (11 - 1 pm)

ဖုန်း - ၂၄၅၇၇၈၊ ၃၈၁၈၉၇

တော်ဝင်

အဆင့်မြင့်စန္ဒီးဆီးလိုက်ကာ

☎ 542311 09-5002003

Call : 201663

Imperial Fruit Group မှ ကြီးမှူး ဖွင့်လှစ်သည့်

Sauce & Jam

27-3-2004 မှ 31-3-2004 (9:00 to 12:00)

ဖုန်း 02-36444, 02-80856, 09-2003679

Ph: 246313

မြန်မာ့ရိုးရာမုန့်

မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်

☎ - ၃၇၇၆၈၀

MAA Professional Training Centre

Specialist in Business, Accounting & Finance

How Does One Become a Qualified Accountant ?

Equivalent Higher Diploma — **CAT** — Technician Qualification (UK)

Equivalent Master Degree — **ACCA** — Professional Qualification (UK)

STARTING DATE 26 MARCH 2004

ACCA ၏ CBE (Computer Based Examination) ExamCentre

MAA (YANGON) 377, Shwebontha Ye Yeik Tha, Units 12 & 24, 1st Floor, Shwebontha Street, Pabedan. Ph: 250 501/2

MAA-AAT (MANDALAY) Room 21, 3rd Floor, ICT Park, Yadanarbon Zay, MANDALAY. Ph: 02-69412, 69433

ကြာပန်းဖြူ

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

အမှတ်(၁၁၁)၊ လမ်း၅၀(အလယ်)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

Tel: 292185.

MYANMAR RYOKO

Yan Aung

Ph: 01-245540, 283970

ကမ်းခြေသင်္ကြန်

၁၁-၄-၂၀၀၄ ညထွက်မည်။

ပလေ၊ကမ်းသာယာ၅ရက် ၁၆၀၀၀ိ/-	ကား
ချောင်းသာ၊ပလေ၆ရက် ၄၃၀၀၀ိ/-	
ချောင်းသာ ၃ရက် ၃၀၀၀၀ိ/-	စား
ငွေဆောင် ၃ရက် ၃၄၀၀၀ိ/-	
ချောင်းသာ၊ငွေဆောင်၅ရက် ၄၂၀၀၀ိ/-	တည်း

ဖုန်း-၀၁-၂၀၁၃၀၀၊ ၂၀၃၅၇၀

၁၅၀၊ အနော်ရထာလမ်း၊

၄၇လမ်းထိပ်၊ ရန်ကုန်။

MCC STANDARD

အခြေခံပညာအထက်တန်း ခြေဆိုပြီးသူများအတွက်
ကွန်ပျူတာသင်တန်းများ စာရင်းသွင်းအပ်နှံနိုင်ပါပြီ။
ကျောင်းကား ကြို / ပို့ ရှိပါသည်။

မူလ လက်ဟောင်း SPEED

Export Fashion Shop

★★★ ဖောက်သည်ကြီးနှင့် အထူးဈေးချိုချို ★★★

SPECIAL GIFT

No.154, Between 46[th] & 47[th] St., Anawrahta Road
Botahtaung Township, Yangon. Ph: 294530

လေလံကြော်ငြာ

၁။ ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကုန်လုပ်ငန်းရှိ အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းပစ္စည်းများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ လေလံစာရင်းဝင်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ရုပ်မြင်သံကြားစက်များ၊ ဖလင်များ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ အဲယားကွန်းများနှင့် အထွေထွေပစ္စည်းများကို အတွဲများခွဲ၍ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်တစ်စုံလျှင် ကျပ်၂၀၀၀နှုန်းဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာန ကမ်းနားလမ်း ဗိုလ်တထောင် ရန်ကုန်မြို့တွင် ၂၅-၃-၂၀၀၄ရက်နေ့မှ ၂၉-၃-၂၀၀၄ရက်နေ့အထိ ရုံးပိတ်ရက် အပါအဝင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၌ ၃၀-၃-၂၀၀၄ရက်နေ့ နံနက် (၁၀:၀၀)နာရီတိတိတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများသွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ။

ကမ္ဘာ့ခရီးသွားအေဂျင်စီ

Aircon Express, Hotel, Restaurant & Guide Service

April 12
5 Nights
6 Days

Ph: 378547, 254250

နာရီဆိုလျှင် ချယ်ရီဦးမှ

အောက်ပါနာရီများကို အထူးဈေးကောင်းပေး၍ ဝယ်ယူလိုပါသည်။

* Rolex, Omega, Patak Philippe, အခြားရှေးဟောင်းနာရီများ၊
* Seiko-5 , Citizen သော့သီးသုံးလုံး၊ လေးလုံး Automatic (၃)ကွက်နာရီ
* (Stopwatch) နာရီအဟောင်းများ၊ Seiko-5 Automatic ရှေးဟောင်းနာရီများ
* ရှေးဟောင်းစားပွဲတင်နာရီများ

ဆက်သွယ်ရန်လိပ်စာ-၂၂၉၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၈၀၈၂၊ ၃၇၅၄၉၁၊ ၃၈၁၇၅၁။

အများသိစေရန်ကြေညာချက်

၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]

ဂျာနယ်ကျော် ခရီးသွား စုနှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည်။
လောက်နီ ရွှေ စာပေ

မင်းသိန်း

ယတြာများ

၂၅-၃-၂၀၀၄ ထွက်ပြီ

အဆောင်ယတြာပုံများနှင့် အင်္ဂါအချိန်တွေကို ပေါ်လွင်စေမည့်
နည်းလမ်းများပါဝင်သော ယတြာများစာအုပ် ဖြစ်သည်....
၂၅-၃-၂၀၀၄(ကြာသပတေး)နေ့ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း
ဆရာကြီး မင်းသိန်း ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပါမည်။

Golden Beach

ချောင်းသာ RESORT

No. 576, First Floor,
Strand Road, (Corner of 21[st] St.,)
Latha Township, Yangon, Myanmar.
☎ : 01- 246146 , 244322, 246140, 223409, 09-99 21388
Chaung Tha
☎ : 042-24126, 042-24880~7 Ext:350~2



ဝါဝါဝင်းမှ တိုက်ခန်းများ ရောင်းချရန်

ပါရမီအိမ်ရာစီမံကိန်း ⇨ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)ရှိ (၈) ခန်းတွဲ (၇)ထပ်တိုက်
၁၃၅၀ Sqft - M.B (၁) ခန်း၊ Bed (၂) ခန်း } စည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း
၈၀၀ Sqft - M.B (၁) ခန်း၊ Bed (၁) ခန်း } ရေချိုးခန်း၊ အိမ်သာအပြီးတစ်စုံ၊

၂၀၀၄-ဇူလိုင်လကုန် လူနေရန်အသင့်

(၁၁)ယောက်စီး ဓာတ်လှေကား၊ ပါကေး၊ ကြွေပြား၊ Kitchen Cabinet & Counter ၊ 2' ရေလောင်းစနစ်၊ ကိုယ်ပိုင်မီးစက်၊ ကိုယ်ပိုင်မီတာ၊ ရေ(Central)စနစ်၊ ရေပူရေအေး၊ Carparking၊ အခန်းပိုင်၊ မြေပိုင်စနစ်၊ စီမံခန့်ခွဲရေးစရိတ်ကို ကုမ္ပဏီမှ (၁)ခန်း (၁)သိန်း ထည့်ဝင်၍ကျခံသုံးစွဲပေးမည်။

တော်ဝင်သီရိရိပ်သာ ⇨ (ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်)ရှိ (၄)ခန်းတွဲ (၁၂)ထပ်တိုက်
၁၅၀၀ Sqft - M.B (၁) ခန်း၊ Bed (၂) ခန်း
(ရေကူးကန်) ပါဝင်သည်၊

လူနေထိုင်ရန်အဆင်သင့်

ဝါဝါဝင်း
အမှတ်(၁၀၇/၁၀၉) အနော်ရထာလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်
Ph:250650, 09-500-7499 . Fax : 250753
E.mail : W.W.W @ mptmail.net.mm

မြန်မာ့ဂုဏ်ရည်အိမ်ရာစီမံကိန်း ⇨ (အထက်ပန်းဆိုးတန်းလမ်းနှင့်မြန်မာ့ဂုဏ်ရည်လမ်းထောင့်)ရှိ (၄)ခန်းတွဲ (၁၆)ထပ်တိုက်
၁၈၂၅ Sqft - M.B (၁) ခန်း Bed (၂)ခန်း၊ စည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊
Maid Room၊ ရေချိုးခန်း၊ အိမ်သာအပြီးတစ်စုံ၊

၂၀၀၄ ဧပြီလကုန် လူနေရန်အသင့်

